## အာမခံပေါ်လစီတွင် အကျုံးမဝင်သော အချက်များ

- ကြိုတင်ကြံစည်၍ ဖြစ်ပေါ်လာသော လုပ်ဆောင်ချက်များနှင့် ပေါ့ဆမှုများ။
- စစ်ပွဲများ၊ ကျူးကျော် တော်လှန်ပုန်ကန်မှုများ၊ အဓိကရုဏ်း ဆန္ဒပြ သပိတ်မှောက်ခြင်းများကြောင့် ဖြစ်ပေါ်လာသော ပျက်စီးဆုံးရှုံးမှုများ။
- ဒီဇိုင်းအားနည်းခြင်း (သို့မဟုတ်) လုပ်ပုံကိုင်ပုံမသေသပ်ခြင်း ။
- သံချေးတက်ခြင်း၊ ယိုယွင်းပျက်စီးခြင်း၊ ။
- စက်ချို့ယွင်းခြင်း၊ မီးပျက်တောက်မှုကြောင့် ပျက်ဆီးဆုံးရှုံးခြင်း။ စာရင်းများ/ပစ္စည်းများမကိုက်ခြင်း။
- လုပ်ငန်းခွင်အတွင်း အသုံးပြုနေသော မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ် ဆုံးရှုံးပျက်စီးခြင်း။
- တုန်ခါခြင်း၊ အရံအတားပြိုခြင်း၊ ရေထိမ်းနံရံပဲ့ပြိုခြင်း တို့ကြောင့် ဖြစ်ပေါ်လာသော သူတစ်ပါးပေးလျော်ခြင်း။
- ဝန်ထမ်းများထိခိုက်ခြင်း။
- တာဝန်ယူစောင့်ရှောက်ထားသော ပစ္စည်း၊ ငှားရမ်း အသုံးပြုနေသော ပစ္စည်းများ

အာမခံစာချုပ်၌ အကျိုးခံစားခွင့်မပြုထားသော အရာများမှလွဲ၍ သူတစ်ပါးအား နာမကျန်းဖြစ်စေခြင်း၊ အာမခံထားသူမှ သူတစ်ပါးအား ဥပဒေအကြောင်းအရ ပေးဆောင်ရန် တာဝန်ရှိသည့် လျော်ကြေးအားလုံးကို အကာအကွယ်ပေးသွားမည်ဖြစ်ပါသည်။

ကျွန်တော်များ GGI Tokio Marine သည် အာမခံဝန်ဆောင်မှုအသစ်များ ဆောင်ရွက်ရန်အတွက် တဆင့် အာမခံနည်းလမ်းများဖြင့် ချိတ်ဆက်စီစဉ်ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လူကြီးမင်းတို့၏ အာမခံလိုအပ်ချက်များကို အပြည့်အဝ ပံ့ပိုးပေးနိုင်မည်ဖြစ်၍ GGI Tokio Marine အား ယုံကြည်စိတ်ချစွာဖြင့် လုပ်ငန်းများ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။







**Grand Guardian Tokio Marine General Insurance Co.,Ltd.**

**Head Office** : No.(19/20), A, B, C, D, Junction Square Compound, Pyay Road, Kamayut Township, Yangon.

CONTACT NOW +95 1 23 99 777

info-ho@ggitokiomarine.com

https://m.facebook.com/ggitokiomarine/

www.ggitokiomarine.com


**GGI TOKIO MARINE**
**အထွေထွေအာမခံ**



# CAR / EAR

# ကန်ထရိုက်တာ တည်ဆောက်တပ်ဆင်လုပ်ငန်း အလုံးစုံအာမခံ

## ကန်ထရိုက်တာ တည်ဆောက်တပ်ဆင်လုပ်ငန်း အလုံးစုံအာမခံ အကြောင်း သိကောင်းစရာ

ကန်ထရိုက်တာ တည်ဆောက်တပ်ဆင် အလုံးစုံလုပ်ငန်း အာမခံသည် တည်ဆောက်နေသော (သို့မဟုတ်) တပ်ဆင်နေသော ပစ္စည်းဥစ္စာများအား ထိခိုက်ပျက်စီးခြင်းနှင့် သူတစ်ပါးထိခိုက်နစ်နာမှုအတွက် ပေးလျော်ရန် တာဝန်ရှိမှုများအား အာမခံ အကာအကွယ်ပေးခြင်းဖြစ်သည်။

လုံခြုံကြွယ်ဝ သင့်အနာဂတ်ဘဝ
**Securing Your Future**



## အာမခံဝယ်ယူနိုင်သူ

ဆောက်လုပ်ရေးစီမံကိန်းတွင် ပါဝင်နေသောသူများ -

- ပိုင်ရှင် သို့မဟုတ် အလုပ်ရှင်။
- ကန်ထရိုက်တာများ။
- လက်ထောက် ကန်ထရိုက်တာများ။

## Third Party အကြောင်းသိကောင်းစရာ

- ဆောက်လုပ်ရေးလုပ်ငန်း (သို့ မဟုတ်) ကန်ထရိုက်လုပ်ငန်းများနှင့် မသက်ဆိုင်သောသူများ အရာများကို Third Party ဟုခေါ်သည်။ ( Third Party ဟုခေါ်ဆိုရာတွင် ဝန်ထမ်းများ၊ အင်ဂျင်နီယာများ၊ အလုပ်သမားများ၊ ကုန်ပစ္စည်းပေးသွင်းသူများ၊ ရင်းနှီးမြှုပ်နှံသူများ၊ စီးပွားရေး လုပ်ဖော်ကိုင်ဖက်များနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်၌ နေထိုင်သော အလုပ်သမားများ၏ မိသားစုများ မပါဝင်ပါ)။



## CAR/EAR အာမခံ၏ အကာအကွယ်များနှင့် အကျိုးခံစားခွင့်များ

**အပိုင်း (၁)** ဆောက်လုပ်ရေးနှင့်မြို့ပြအင်ဂျင်နီယာလုပ်ငန်းများ။

အကျိုးခံစားခွင့် မပြုထားသော အရာများမှလွဲ၍ ကန်ထရိုက်လုပ်ငန်းများ၏ ကြိုတင်မမြင်နိုင်သော (သို့မဟုတ်) မတော်တဆဆုံးရှုံးခြင်း (သို့မဟုတ်) ပျက်စီးခြင်းအတွက်အကာအကွယ်ပေးခြင်း ။

**အပိုင်း (၂)** စက်ယန္တရားများ ဆောက်လုပ်ခြင်း။

အကျိုးခံစားခွင့်မပြုထားသော အရာများမှလွဲ၍ ဆောက်လုပ်ရေးလုပ်ငန်းများ၏ ကြိုတင်မမြင်နိုင်သော (သို့ မဟုတ်)မတော်တဆဆုံးရှုံးခြင်း (သို့မဟုတ်)ပျက်စီးခြင်းအတွက်အကာအကွယ်ပေးခြင်း ။

**အပိုင်း (၃)** သူတစ်ပါးအားပေးလျော်ရန် တာဝန်ရှိမှု။

လူတစ်ဦးတစ်ယောက်အား မတော်တဆထိခိုက်ဒဏ်ရာရစေခြင်း (သို့ မဟုတ်) နာမကျန်းဖြစ်ခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်၌ ဖြစ်ပေါ်လာသော ဆောက်လုပ်ရေးလုပ်ငန်းများနှင့် တိုက်ရိုက်သက်ဆိုင်မှုကြောင့် ပိုင်ဆိုင်မှုများကို မတော်တဆဆုံးရှုံးခြင်း၊ (သို့ မဟုတ်) ထိခိုက်ပျက်စီးခြင်းအတွက် လျော်ကြေးအဖြစ် အာမခံထားသူမှ ဥပဒေအကြောင်းအရ ပေးလျော်ရန်တာဝန်ရှိမှုများကို အကာအကွယ်ပေးခြင်း။

## CAR/EAR အာမခံအကာအကွယ်တွင် ဘယ်လိုအရာတွေ ပါဝင်သလဲ

- တည်ဆောက်တပ်ဆင်မည့် လုပ်ငန်းများ။
- ပိုင်ရှင်(သို့မဟုတ်)အလုပ်ရှင်ပံ့ပိုးသော ပစ္စည်းများ။
- တပ်ဆင်မည့် ပစ္စည်းကိရိယာများ ( ပိုင်ရှင်၏ ပိုင်ဆိုင်မှုများ ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်း အသုံးပြုနေသော ပစ္စည်းကိရိယာများမပါဝင်ပါ )။
- ဆောက်လုပ်ရေး လုပ်ငန်းခွင်အတွင်း ပိုင်ရှင်၏ မူလရှိရင်းစွဲဖြစ်သော အဆောက်အဦးများ။

## အာမခံထားငွေ

အာမခံထားငွေသည် ဆောက်လုပ်ရေးစာချုပ်တွင် ဖော်ပြထားသည့် ပမာဏအတိုင်း ဖြစ်သည်။



## အာမခံသက်တမ်း

အာမခံထားနိုင်သည့် သက်တမ်းသည် အဆောက်အဦးပိုင်ရှင်နှင့် ကန်ထရိုက်တာတို့ ချုပ်ဆိုထားသော အမှန်တကယ်စာချုပ်ပေါ်တွင် မူတည်သည်။ CAR/EAR အာမခံပေါ်လစီတွင် အာမခံသက်တမ်း (၂) ပိုင်း ရှိပါသည်။

- တည်ဆောက်ခြင်း၊ တပ်ဆင်ခြင်းကာလ

ဆောက်လုပ်ရေးလုပ်ငန်းခွင်ရှိ အသုံးပြုရန် ပစ္စည်းများနေရာချပြီးသည်နေ့မှစ၍ ဆောက်လုပ်ရေးလုပ်ငန်းခွင်ရှိ ပစ္စည်းများကို အပြီးအပိုင်လွှဲပြောင်းပေးအပ်ပြီးသည့်နေ့အထိ။

- ပြုပြင်ထိန်းသိမ်းမှုကာလ

စာချုပ်များ၏ Maintenance Clause အရ တာဝန်ယူရသော လုပ်ငန်းများကို လုပ်ငန်းအား ပိုင်ရှင်နှင့် ကန်ထရိုက်တာများလက်သို့ ပေးအပ်သည့်ကာလအထိ တာဝန်ယူရန်ဖြစ်သည်။

CAR / EAR အာမခံသည် ကန်ထရိုက်တာက စာချုပ်ပါ ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ တာဝန်ယူ တာဝန်ခံမှုအပေါ် အကာအကွယ်ပေးသော အာမခံအမျိုးအစား ဖြစ်ပါသည်။ ပြုပြင်ထိန်းသိမ်းမှု ကာလအတွင်း အာမခံအကာအကွယ်သည် ကန်ထရိုက်တာ၏ လုပ်ဆောင်မှုကြောင့် ဖြစ်ပေါ်လာသော ပျက်စီးဆုံးရှုံးမှုအပေါ်တွင် အကန့်အသတ်ဖြင့် တာဝန်ယူခြင်းဖြစ်သည်။

အောက်ဖော်ပြပါ အချက်များ သွားရောက်လုပ်ဆောင်နေစဉ် ကာလအတွင်း တာဝန်ယူခြင်းဖြစ်သည်။

- အသေးစားပြင်ဆင်မှုများ။
- ပုံမှန်အတိုင်းကောင်းမွန်အောင်ပြုလုပ်ခြင်းများ။
- အရည်အသွေးမပြည့်မီသော အရာများအား လဲလှယ်အသုံးပြုခြင်း။
- လုံလောက်မှုမရှိသော အရာများကို ပြုပြင်ခြင်းများ။